ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (29-7-2008) (၅၇၅၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပြင်စလူမြို့နှင့် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာတို့၌ လေဘေးသင့် ပြည်သူများအတွက် နေအိမ်များ ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဇူလိုင်　　၂၈

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိရာ လပွတ္တာမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လေမုန်တိုင်းဒဏ်ကြောင့် အိုးအိမ်မဲ့ဖြစ်သွားသည့် လှိုင်းဘုန်းကျေးရွာမှ လေဘေးသင့် ပြည်သူများအတွက် အော်ရီဂျင်နယ်ဂရု(ပ်) ကုမ္ပဏီက လှူဒါန်းပြီး တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)**နှင့် လှိုင်းဘုန်းကျေးရွာမှ လေဘေးသင့် ပြည်သူများအတွက် အော်ရီဂျင်နယ်ဂရု(ပ်) ကုမ္ပဏီက လှူဒါန်းပြီး တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်များကို တွေ့ရစဉ်။** (အောက်ပုံ)
(သတင်းစဉ်)

The Mirror

၂၉-၇-၂၀၀၈
(အင်္ဂါနေ့)

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် ပထဝီဝင်အနေအထားအရ နိုင်ငံအတွင်းပိုင်းဒေသများနှင့် ဆက်သွယ်သွားလာမှု အခက်အခဲအတားအဆီးများရှိခဲ့သည်။ တောတောင် လျှိုမြောင် ချိုင့်ဝှမ်းများ ကာဆီးနေမှုနှင့် ပြည်တွင်းသောင်းကျန်းမှုများကြောင့် ယခင်ကာလက နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း နောက်ကျခဲ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပြီး ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ဖော်ဆောင်နေသည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ကြိုးပမ်းလျက်ရှိရာ အောင်မြင်တိုးတက်မှုများ ရရှိနေပြီဖြစ်သည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် ဖွံ့ဖြိုးရေး အဆောက်အအုံများစွာ တိုးမြှင့်တည်ဆောက်၍ အခြေခံလိုအပ်ချက်များ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ နယ်စပ်ဒေသနှင့်ဆက်သွယ်သည့် အဓိကကျသောလမ်းမကြီးများကို ကတ္တရာလမ်း အဆင့်မြှင့်တင်ပေးခြင်း၊ လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနေခြင်းများကြောင့် ယခုအခါ နယ်စပ်ဒေသများ၌ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူလျက်ရှိသည်။ ကုန်သွယ်စီးပွား လုပ်ငန်းများလည်း တိုးတက်စည်ပင်ဖွံ့ဖြိုး လာလျက်ရှိသည်။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ စာပေသင်ကြားရေး၊ သက်မွေးပညာဆည်းပူး ဘဝရပ်တည်နိုင်ရေး လုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်း ၃၄ ကျောင်းဖွင့်လှစ်၍ တိုင်းရင်းသူအမျိုးသမီးများအား သင်ကြားပေးနေသည်။ ထို့အတူ တိုင်းရင်းသား လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးရေးအတွက် စက်မှုလက်မှုပညာ သင်တန်းကျောင်းများကို စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားဒေသတို့တွင် ဖွင့်လှစ် သင်ကြားပေးနေသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းစတင်ခဲ့သည့် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ ငွေကျပ် သန်းပေါင်း ၂၃၁၁၃ ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုများ လွှမ်းခြုံလျက်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသခံပြည်သူများက ပေါင်းစည်းညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရာ နယ်စပ်ဒေသများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီးအတွက် သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက်နေ ဒေါ်ပုညဝတီ ပဓာနနာယက မဟာဂန္ထဝါစက ပဏ္ဍိတက အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၈

ဒေးဒရဲမြို့နယ် အသင်း (ရန်ကုန်)၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက အသင်းတည်ရာ ဗဟန်းမြို့နယ် အာဇာနည်လမ်း အမှတ် ၄၇ ၌ ကျင်းပရာ ပင့်သံဃာတော်များအား အသင်းသူ၊ အသင်းသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ကြေးမုံ)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်ထံ လေဘေးသင့် ပြည်သူများအတွက် စိန်အင်တာပရိုက်(စ်) သွင်းကုန်/ထုတ်ကုန် ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဦးနှင့် Known-You Seed Co., Ltd.မှ အထွေထွေမန်နေဂျာ Mr.Kuo Kun Shih တို့က အမေရိကန် ဒေါ်လာ ၄၆၆၂၄ ဒသမ ၁ တန်ဖိုးရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံမျိုးစေ့များကို ပေးအပ်လှူဒါန်းစဉ်။
(လူမှုဝန်ထမ်း)

ရောဝတီတိုင်းလေဘေးဒဏ်ခံရသော ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၈

ရောဝတီတိုင်းသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ဆရာတော်များကြီးမှူး၍ ရောဝတီတိုင်းအတွင်း လေဘေးဒဏ်ခံရသော မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ပေးပို့ဆက်ကပ်လှူဒါန်းရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက်က ပုသိမ်မြို့ သာသနာ့ဗိမာန်ဝင်းအတွင်းရှိ တိုင်းသံဃနာယကအဖွဲ့ရုံး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိလာသ(ကုန်းသာ) အမှူးပြုသော ဂိုဏ်းပေါင်းစုံတိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ပုသိမ်မြို့နယ် သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)မှ ဆရာတော်များ ကြွရောက်တော်မူကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများက ဩဝါဒကထာချီးမြှင့်တော်မူကြပြီး ရောဝတီတိုင်းသာသနာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက ရောဝတီတိုင်းအတွင်း ပေးပို့လှူဒါန်းထားရှိသော လှူဖွယ်ဝတ္ထုငွေလက်ခံရရှိမှု အခြေအနေအား လျှောက်ထားတင်ပြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက လေဘေးဒဏ်ခံရသော တိုင်းအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများသို့ နဝကမ္မဝတ္ထုငွေ ပေးပို့ ဆက်ကပ်လှူဒါန်းရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးတော်မူကြပြီး ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကအဖွဲ့ကိုယ်စား ရောဝတီတိုင်းသာသနာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ နဝကမ္မဝတ္ထုငွေများအား ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ရောဝတီတိုင်းအတွင်း လေဘေးဒဏ်ခံရသော မြို့နယ်များသို့ ဒုတိယအကြိမ်လှူဒါန်းမှုမှာ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ (သာသနတက္ကသီလ မဟာဓမ္မာစရိယ၊ M.A)မှ လှူဒါန်းငွေကျပ် သိန်း ၁၀၀၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြိတ်နှင့် ပလောမြို့နယ် သံဃာတော်များမှ လှူဒါန်းငွေ ကျပ် ၅၂၆၀၀၀၀ နှင့် အခြားအလှူရှင်များမှ လှူဒါန်းငွေကျပ် ၁၇၀၄၀၀၀ ဖြစ်၍ စုစုပေါင်း ငွေကျပ် ၁၆၉၆၄၀၀၀ ဖြစ်ကာ တိုင်းအတွင်းရှိ လေဘေးဒဏ်ခံရသော မြို့နယ်ခုနစ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဒုတိယအကြိမ်အဖြစ် အချိုးကျ ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ကြေးမုံ)**

လေဘေးသင့်ပြည်သူများအတွက် သစ်သီးဝလံမျိုးစေ့များနှင့် လူနေအိမ်ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို နေ့စဉ် လှူဒါန်းလျက်ရှိသည်။

ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ အလှူရှင် စိန်အင်တာပရိုက်(စ်) (သွင်းကုန်/ထုတ်ကုန်)ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဦးနှင့် Known-You Seed Co.,Ltd မှ အထွေထွေမန်နေဂျာ Mr. Kuo Kun Shih တို့က အမေရိကန်ဒေါ်လာ ၄၆၆၂၄ ဒသမ ၁ တန်ဖိုးရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံမျိုးစေ့များ၊ ဦးစံကြည်-ဒေါ်လှိုင်လှိုင်ဦး (နွေစန္ဒာဘော်ဒါ-ပြင်ဦးလွင်)မိသားစုက လူနေအိမ်တစ်လုံးအတွက် ငွေကျပ် ခြောက်သိန်းနှင့် တပ်မတော်(ကြည်း၊ ရေ၊လေ)အမျိုးသမီးစစ်မှုထမ်းဟောင်းများက လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်းတို့ကိုလာရောက် ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်မှုလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်း စီမံကိန်း (Improvement of Prevention, Control and Eradication of Highly Pathogenic Avian Influenza in Myanmar Project-OSRO/MYA/801/WBK)အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန လုပ်ငန်းများမှ တာဝန်ရှိသူများ၊ FAO မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr.Shin Imaiနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီချက်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် FAO ဌာနေကိုယ်စားလှယ် Dr.Shin Imai တို့ လက်မှတ်ရေးထိုးကြစဉ်။ (မွေး/ကု)

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် FAO ဌာနေကိုယ်စားလှယ် Dr.Shin Imai တို့က မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ယခုစီမံကိန်းအရ တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အဆိုပါစီမံကိန်းအား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုး ကြသည်။

ယင်းစီမံကိန်းအရ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့်အမြစ်ပြတ် ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ရောဂါစူးစမ်းရှာဖွေမှုစွမ်းဆောင်ရည် ပမာဏနှင့် စနစ်မြှင့်တင်ခြင်း၊ရောဂါရှာဖွေ စစ်ဆေးမှု စွမ်းရည်ပမာဏ တိုးမြှင့်ခြင်း၊ ရောဂါထိန်းချုပ်မှု စွမ်းရည်တိုးမြှင့်ခြင်း၊ ဘဲ၊ ငုံးများ အပါအဝင် ရောဂါဖြစ်ပွားကျရောက်ရန် အန္တရာယ်များသော ကြက်ငှက်များအကြား ဇီဝလုံခြုံမှု မြှင့်တင်ခြင်းနှင့် တီရစ္ဆာန်ဆေးကု ဝန်ဆောင်မှုမြှင့်တင်ခြင်းလုပ်ငန်း အစီအစဉ်များပါရှိကာ စီမံကိန်းကာလမှာ ၂၀၀၈ခုနှစ်မှ ၂၀၁၁ခုနှစ် အထိ သုံးနှစ်ဖြစ်ပြီး အမေရိကန် ဒေါ်လာ ၁၃၁၅၃၅၃ ကို ကမ္ဘာ့ဘဏ်ကထောက်ပံ့ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ မိခင်ကြီး ဒေါ်အုန်းရီ(၆၁)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ် အဖြစ် ဦးမြင့်သိန်း-ဒေါ်အုန်းရီ၊ သမီးကြီး ကိုထိန်ဝင်း-ဒေါက်တာ ရီမြင့်သက်၊ သမီးလတ် ကိုကျော်ကျော်ထွန်း-ဒေါက်တာရီမြင့်ဆွေ၊ သမီးထွေး ဒေါက်တာရီမြင့်ထွေး၊ မြေးကွိကွိ (ခ) အိမ်လင်းသူ မိသားစုက ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၅၀၀၀၀ ကို ဇူလိုင် ၂၃ရက်က လှူဒါန်းရာ အမှုဆောင်အဖွဲ့ဝင် ဦးကြိုင်မြင့် လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

တောင်ဥက္ကလာပမြို့နယ် ၄ ရပ်ကွက် အောင်တံခွန်ရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၇ ရက်က အလက (၈) ကျောင်းတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌဦးချစ်ဆွေ အဖွင့်အမှာစကား ပြောကြားစဉ်။ (၆၃)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကမာရွတ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် တေဇခန်းမ၌ ကျင်းပရာ ကမာရွတ်မြို့နယ် ပညာရေးမှူး ဦးမောင်ချစ်၊ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေး တပ်မှူး ဗိုလ်ကြီးဝင်းလွင်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီနှင့် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယကနှင့် အမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ မိဘ အုပ်ထိန်းသူများ၊ ဆုရ ကျောင်း သား၊ ကျောင်းသူများနှင့်ဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ပညာရေးမှူး ဦးမောင်ချစ်က ကျောင်းတွင်း စီမံခန့်ခွဲမှုကောင်းသော ဆရာမကြီးနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်မြင့်မားအောင် သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဆုချီးမြှင့်ပြီး ကျောင်းအုပ် ဆရာမကြီးနှင့် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် နာယက၊ အမှုဆောင်များ၊ တာဝန်ရှိသူများက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့ကြသူများ၊ အတန်းအသီးသီးမှ ဘာသာရပ် ထူးချွန်ဆု ရရှိကြသူများ၊ အဆင့်(၁)မှ အဆင့်(၁၀)ရရှိသူများကို ဆုများချီးမြှင့်သည်။

ဇူလိုင် ၂၇ ရက်တွင် ချီးမြှင့်သောဆုများမှာ ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းအောင်ခြောက်ဘာသာဂုဏ်ထူးရ ကိုးဦး၊ ငါးဘာသာဂုဏ်ထူးရ ၂၅ ဦး၊ လေးဘာသာ ဂုဏ်ထူးရ ၆၀၊ သုံးဘာသာ ဂုဏ်ထူးရ ၂၆ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရ ၂၄ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရ ၄၆ဦးအပြင် ကျန်အတန်းများမှ ဘာသာရပ်ထူးချွန်ဆုနှင့်အတန်းအသီးသီးမှအဆင့်(၁)မှ အဆင့်(၁၀)အတွင်းဆုရရှိသူများဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီက ခြောက်ဘာသာ ဂုဏ်ထူးရှင် ကျောင်းသား တစ်ဦးအား ရွှေဆွဲကြိုး ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသားများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၃ရက်က ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

၂၀၀၈ ခုနှစ် ဆဋ္ဌမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ ကျွန်းပင်ကို စိုက်ပျိုးပြီး လျှိုပိတ်ဆည်များအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေး

နေပြည်တော် ဇူလိုင် ၂၈

ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ၂၀၀၈ ခုနှစ် ဆဋ္ဌမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် လျှိုပိတ်ဆည်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၊ နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရှိ နေပြည်တော်သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့၌ တစ်ပြိုင်တည်းကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အားပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် ဆဋ္ဌမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ကျွန်းပင်ကိုစိုက်ပျိုးပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပိတောက်ပင်ကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က ကျွန်းပင်များကိုလည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

တက်ရောက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ လျှိုပိတ်ဆည်များအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးခြင်းအခမ်းအနားသို့ တက်ရောက်သည်။



ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လျှိုပိတ်ဆည်အတွင်း ရွှေရောင်ငါးကြင်းငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ရွှေရောင်ငါးကြင်း၊ ငါးခုံးမနှင့် ငါးမြစ်ချင်းသားပေါက်များကို လျှိုပိတ်ဆည်များအတွင်း မျိုးစိုက်ထည့်ပေးကြသည်။

လျှိုပိတ်ဆည်များအတွင်း ငါးခုံးမ ၁၅၀၀၀၊ ငါးမြစ်ချင်း ၁၀၀၀၀ နှင့် ရွှေရောင်ငါးကြင်း ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် ဆဋ္ဌမပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးက အပင် ၁၅၀၊ နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အပင် ၂၂၅၀၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော်သတင်းစာတိုက်က အပင် ၂၃၀၊ နေပြည်တော် တပ်ကုန်းရှိ နေပြည်တော်ပုံနှိပ်စက်ရုံက အပင် ၅၀၀ စုစုပေါင်း ပျိုးပင် ၃၁၃၀ ကို စိုက်ပျိုးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ လျှိုပိတ်ဆည်အတွင်း ရွှေရောင်ငါးကြင်း ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

အဆိုပါ ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးကာလတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကုက္ကို၊ မဲဇလီ၊ မန်ကျည်း၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်း၊ ခရေ သစ်ဆိမ့်၊ ဘောစကိုင်း၊ စက္ကူပန်း၊ စွယ်တော်နှင့် ကျွန်း စသည့် အပင်ပေါင်း ၂၆၅၀၀ စိုက်ပျိုးရန်လျာထားခဲ့ပြီး ၂၀၀၈ ခုနှစ် ဇွန် ၂၁ ရက်မှ စတင်စိုက်ပျိုးခဲ့ရာ ဇူလိုင် ၂၇ ရက် ဆဋ္ဌမပတ်တွင် လျာထားချက်ပြည့်မီစွာဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးအတွက် ကွက်ပြည့်စိုက်ပျိုးနိုင်ခဲ့သည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် (၁၈)လမ်းနေ ဦးခင်မောင်လတ်-ဒေါ်သိန်းရှင်၊ သား-မောင်သန်းဟိန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (ကြေးမုံ)

AFC Challenge Cup ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

အိန္ဒိယနိုင်ငံ၌ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ကျင်းပမည့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ်မြောက် AFC Challenge Cup ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် အုပ်ချုပ်သူ ဦးသိန်းအောင်၊ နည်းပြချုပ် မားကိုစ့်အန်တိုနီယိုဖလော်ပါ၊ လက်ထောက်နည်းပြ ဦးဉာဏ်ဝင်း၊ ဦးဇော်ဝင်းထွန်း၊ ဦးမျိုးချစ်၊ ဆေးမှူး ဒေါက်တာအောင်ကျော်ဦး၊ သူနာပြု ဦးဘကြိုင်၊ ကစားသမား ဂိုး-အောင်အောင်ဦး၊ ကျော်ဇင်ထက်၊ ညီညီလွင်၊ နောက်တန်း-မင်းသူ၊ မိုးဝင်း၊ သူရအောင်၊ ခင်မောင်လွင်၊ ဟန်ဝင်းအောင်၊ အေးဆန်း၊ ငွေအောင်၊ ကျော်ဇေယျာဝင်း၊ အလယ်တန်း-ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ ဇော်ထက်အောင်၊ ပိုင်စိုး၊ မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ စိုးသီဟအောင်၊ အောင်ကျော်မိုး၊ ရှေ့တန်း-စိုးမြတ်မင်း၊ ရန်ပိုင်၊ စည်သူဝင်းနှင့် ထွန်းမင်းဦးတို့ လိုက်ပါသွားကြသည်။

ပြိုင်ပွဲကို အုပ်စုနှစ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး (က) အုပ်စုတွင် အိန္ဒိယ၊ လက်ရှိချန်ပီယံ တာဂျစ်ကစ္စတန်၊ တာ့စ်မင်နစ္စတန်၊ အာဖဂန်နစ္စတန်၊ (ခ)အုပ်စုတွင် မြောက်ကိုရီးယား၊ မြန်မာ၊ နီပေါနှင့် သီရိလင်္ကာတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဇူလိုင် ၃၁ ရက်တွင် နီပေါအသင်း၊ ဩဂုတ် ၂ ရက်တွင် သီရိလင်္ကာအသင်း၊ ဩဂုတ် ၄ ရက်တွင် မြောက်ကိုရီးယား အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"လူ့ဘဝဖြစ်စဉ်ဉာဏ်နဲ့ယှဉ် "တရားတော် (ဆရာတော် အရှင်ပညိန္ဒာဓိဝံသ)
၈း၀၀-၂း၀၀	လုံခြုံစိတ်ချမိခင်ဘဝ(ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၈း၂၀-၂း၂၀	Sunday Talk
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	သင်လွယ် တတ်လွယ် အသုံးပြုလွယ်
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဒေါက်တာသိန်းလွင်နှင့်တွေ့ဆုံခြင်း)
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	Say it in English
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယားမုန့်လုပ်နည်း)
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	Hotel Guide (Hotel Yangon)
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	ထူးကဲတဲ့စေတနာများကြားမှ ပြန်လည်ထူမတ်လာသော ဘိုကလေးမြို့မြင်ကွင်းများ
၁၂း၃၀-၆း၃၀	"ဒါ" ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ) [ဒါရိုက်တာ ဝေဠု(ဝသန်)]
၁၂း၄၀-၆း၄၀	Music Gallery (တေးသံရှင်ရဲ့တေးလက်ဆောင် - ရှင်ဖုန်း)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကြေးမှုံ The Mirror
ကျန်း မာ ရေး ဆိုင် ရာ အင် တာ နက် သ တင်း

ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်ခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်

ချီကာဂို ဇူလိုင် ၂၈

ဦးနှောက်ကျုံ့ဝင်ပြီး မှတ်ဉာဏ်ဆိုင်ရာအပိုင်းတွင် ချို့ယွင်းသော အယ်လ်ဇိုင်းမားသတိမေ့ရောဂါသည် ကစားခုန်စားလိုက်စားသူများတွင် ဖြစ်ပွားမှုနည်းပါးသက်သာသည်ကို တွေ့ရကြောင်း သုတေသီများက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

အသက်အရွယ်ကြောင့်ဖြစ်ရသော ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းသည့်ရောဂါဖြစ်ပွားမှုသည် ကိုယ်ခန္ဓာတောင့်တင်းပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်သူများတွင် ဖြစ်ပွားမှုနှေးကွေးသည်ကို တွေ့ရသည်။ ထိုတွေ့ရှိချက်သည် အယ်လ်ဇိုင်းမားသတိမေ့ရောဂါဖြစ်ပွားခါစ လူများကို အကျိုးပြုနိုင်ဖွယ်ရှိသော တွေ့ရှိချက်ပင်ဖြစ်သည်ဟု ဆိုသည်။

အကယ်၍ လူတစ်ဦးသည် အယ်လ်ဇိုင်းမားသတိမေ့ရောဂါ ဖြစ်ပွားခါစ အခြေအနေ၌ရှိနေလျှင် ၎င်းအနေဖြင့် ကစားခုန်စားလှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် ရောဂါအခြေအနေဆိုးမလာအောင် ဆောင်ရွက်နိုင်သည်ဟူသောအချက်ကို အထက်ပါတွေ့ရှိချက်က ညွှန်ပြနေခြင်းဖြစ်သည်ဟု ဆရာဝန်စမစ်ဂန်ဒီက ပြောကြားသည်။ ၎င်းသည် အယ်လ်ဇိုင်းမားဆေးပညာအဖွဲ့နှင့် သိပ္ပံဆိုင်ရာအကြံပေးအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သည်။

ကင်းဆတ်မြို့ရှိ ကင်းဆတ်ဆေးပညာဌာနမှ သုတေသီများသည် အသက် ၆၀ ကျော်အရွယ် ကျန်းမာသူသက်ကြီးပိုင်း ၆၀ နီးပါးနှင့် အယ်လ်ဇိုင်းမားသတိမေ့ရောဂါရှိနေသူ ၆၀ တို့၏ ဦးနှောက်အရွယ်အစားများကို တိုင်းတာလေ့လာရာမှ အထက်ပါတွေ့ရှိချက်ကို ဖော်ထုတ်သိရှိလာခြင်းဖြစ်သည်။

သုတေသီများသည် နှလုံး၏ကျန်းမာမှုအခြေအနေကိုသိရှိရန် လမ်းလျှောက်စက်၊ အောက်စီဂျင်ရှူသွင်းမှုပမာဏတိုင်းတာစက်များကို အသုံးပြုလေ့လာခဲ့သည်။ ထို့အပြင် ဦးနှောက်၏အရွယ်အစားကို တိုင်းတာရာ၌လည်း သံလိုက်အသုံးပြုပုံဖော်စနစ် (အမ်အာရ်အိုင်) အသုံးပြုကာ လေ့လာခဲ့ကြောင်းသိရသည်။

အင်တာနက်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ဝန်ကြီးဗိုလ်ချုပ်စောထွန်း နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းနှင့် လိန်းလီကြိုးတံတား တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းတစ်လျှောက် လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည်နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းအပိုင်းကို ဆောင်ရွက်လျက်ရှိသည့်လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၃)၏ ကိုးကွေ့ရေတံခွန်လမ်းစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဝန်ကြီးက နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းကို လက်ရှိအဆင့်ထက် နိမ့်ကျမသွားအောင် ဆက်လက်ထိန်းသိမ်းသွားရန် မှာကြားသည်။

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့သည် လမ်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆိုပါ လမ်းပေါ်ရှိ လိန်းလီကျေးရွာအနီး လိန်းလီကြိုးတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိ၍ လုပ်ငန်းခွင်အတွင်း တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လိန်းလီကြိုးတံတားသည် သံကူကွန်ကရစ်ကြမ်းခင်း၊ သံမဏိသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားမှာ ပေ ၁၀၀၀၊ ချဉ်းကပ်တံတားမှာ နေပြည်တော်ပျဉ်မနားဘက်တွင် ပေ ၃၈၀နှင့် ပင်လောင်းဘက်တွင် ပေ ၃၈၀ ရှိ၍ စုစုပေါင်း တံတားအရှည် ပေ ၁၇၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

ယခုအခါ နေပြည်တော်ပျဉ်းမနားဘက် ချဉ်းကပ်တံတားတိုင် သုံးတိုင်ရှိသည့်အနက် သုံးတိုင်လုံးဆောင်ရွက်ပြီးစီးလျက်ရှိပြီး ပင်လောင်းဘက် ချဉ်းကပ်တံတားရှိ တံတားတိုင်ငါးတိုင်တွင် ငါးတိုင်လုံး ဆောင်ရွက်ပြီးစီးကာ ပင်မတံတား၏ ကြိုးထိန်းတိုင် T_1 ၌ဘိုးပိုင် ၂၄လုံးရှိသည့်အနက် ၁၀လုံးဆောင်ရွက်ပြီးစီး၍ ကြိုးထိန်းတိုင် T_2 ၌ ဘိုးပိုင် ၂၄လုံး ရှိသည့်အနက် နှစ်လုံးပြီးစီးကာ ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်)ပညာသင်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ရခိုင်သဟာယအသင်း(ရန်ကုန်)က ကြီးမှူး၍ ပြည်ပရောက် ရခိုင်လူမှုရေးအသင်းအဖွဲ့ဝင်များမှ လှူဒါန်းသော ပညာသင်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပရာ အခမ်းအနားတွင် ရခိုင်သဟာယအသင်း နာယက ဦးမင်းကြည်၊ ပါမောက္ခဒေါက်တာဒေါ်နန်းဦး၊ ဥက္ကဋ္ဌ ဦးကျော်ဇံလှတို့က အမှာစကားပြောကြားပြီး ရခိုင်ပညာရေးဖောင်ဒေးရှင်း(စင်ကာပူ)မှ ကိုယ်စားလှယ် ဦးထွန်းဝင်းအောင်က အသင်း၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်မှ ဒသမတန်းကို ထူးချွန်စွာ အောင်မြင်သူများအား ဆုချီးမြှင့်ပြီး တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၆၆ ဦး တို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ

World Breastfeeding Week

(1-8-2008 to 7-8-2008)

Mother Support: Going for the Gold!

“မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့”

ကျန်းမာရေးဝန်ကြီးဌာန

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)အလှူငွေလက်ခံရာဌာနသို့ ယနေ့လာရောက် လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ဦးစံကြည်နှင့် ဒေါ်လှိုင်လှိုင်ဦး နွေစန္ဒာဘော်ဒါ မိသားစု ပြင်ဦးလွင်မြို့က နေအိမ် တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဦးကျော်အေးလွင်နှင့် ဒေါ်သီတာဌေး၊ သား မောင်စိုင်းနေလွင် မိသားစု (မင်္ဂလာတောင်ညွန့်မြို့နယ်)ကနေအိမ် တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ Mr. Chanin Sangkatumvong, Bangkok, Thailand က ငွေကျပ် ၁၇၈၅၇၀၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (မြိုင်ကြီးငူအထူးဒေသ)က နေအိမ်ငါးလုံး အတွက် ငွေကျပ်သိန်း ၃၀၊ Embassy of the Union of Myanmar, Beijing China မှ တစ်ဆင့် ပေးပို့လှူဒါန်းငွေ ယူရို ၄၆၈၀၃၀ ဒသမ၁၈ တို့ဖြစ်သည်။

ယနေ့ လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာငွေကျပ် ၄၃၇၈၅၇၀ နှင့် ယူရို ၄၆၈၀၃၀ ဒသမ ၁၈ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အင်တာနက်သတင်း

တရုတ် (ထိုင်ပေ)တွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်

တရုတ်(ထိုင်ပေ) ဇူလိုင် ၂၈

တရုတ်(ထိုင်ပေ) တောင်ပိုင်းတွင် ယနေ့နံနက်ပိုင်းက ဖန်ဝန်းအမည်ရှိ အင်အားပြင်းထန်သော တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ မုန်တိုင်းသင့်ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းများလည်း ကျရောက်ခဲ့သည်။

ယနေ့နံနက် ၆ နာရီ မိနစ် ၅၀ တွင် မုန်တိုင်းဗဟိုချက်သည် ဟွာလျန်းခရိုင်ကို ဗဟိုပြု၍ လေးနာရီကြာတိုက်ခတ်ခဲ့ရာ အိမ်ခြေ ၁၆၀၀၀ ခန့် ဓာတ်အားပြတ်တောက်ခဲ့ပြီး ကျောင်းများကိုလည်း ပိတ်ထားလိုက်ရကာ စီးပွားရေးလုပ်ငန်းများလည်း ရပ်ဆိုင်းထားရကြောင်း၊ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

တောင်တန်းဒေသများတွင် သဘာဝဘေးအန္တရာယ် သတိပေးချက်ကို အဝါရောင်အဆင့် ထုတ်ပြန်ခဲ့ပြီး မြို့တော်တွင် တံတားများနှင့် မိုးပျံခုံးကျော်တံတားများကို ကားများ ရပ်နားနိုင်ရန် ဖွင့်လှစ်ပေးထားခဲ့ကြောင်း၊ အနိမ့်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမည့်အန္တရာယ်ရှိနေကြောင်း သိရသည်။

ဒုတိယမြောက်မုန်တိုင်းဖြစ်

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ၁၉ ဦး သေဆုံးကာ ခြောက်ဦး ပျောက်ဆုံးခဲ့သည့် အပူပိုင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ယခုမုန်တိုင်းသည်တရုတ်(ထိုင်ပေ)ကို ဖြတ်သန်း တိုက်ခတ်သော ဒုတိယမြောက် မုန်တိုင်းဖြစ်သည်။ ***အင်တာနက်။***

တိုင်ဖုန်းမုန်တိုင်းအန္တရာယ် တရုတ်၌သတိပေး

ကွမ်ကျိုး ဇူလိုင် ၂၈

ဖန်ဝန်း (ဖီးနစ်စ်)အမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် ယနေ့နံနက်ပိုင်းက တရုတ် (ထိုင်ပေ)တွင် တိုက်ခတ်ခဲ့ပြီးနောက် တရုတ်ပြည်မကြီး၏ အရှေ့တောင်ဘက်သို့ ဦးတည်နေပြီး ညသန်းခေါင်ယံခန့်တွင် ဖူကျန့်ပြည်နယ် ရှာ့မင်မြို့အနီးမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ဖွယ်ရှိကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ဒေသနေလူဦးရေ ၂၇၄၃၀၀ ကို ပြည်နယ်အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားခဲ့ပြီး ငါးဖမ်းလှေ ၅၂၃၀၀ ကို တနင်္ဂနွေနေ့ ညနေ ၆ နာရီခွဲတွင် ကမ်းခြေသို့ ပြန်လည်ဝင်ရောက်ကြရန် ညွှန်ကြားထားခဲ့သည်။ ဘေးဒုက္ခကယ်ဆယ်ရေးဝန်ထမ်းများကိုလည်း ငါးဖမ်းလှေများကမ်းပေါ်သို့ ဆွဲတင်ရာတွင် ကူညီရန်စေလွှတ်လိုက်ကြောင်း ဖူကျန့်ပြည်နယ် ရေဘေးကာကွယ်ရေးဌာနချုပ် အကြီးအကဲက ပြောကြားသည်။

သတိပေးချက်ထုတ်ပြန်

ဖန်ဝန်းတိုင်ဖုန်းမုန်တိုင်းသည် ယခုနှစ်အတွင်း တရုတ်ကမ်းခြေကို ဝင်ရောက်တိုက်ခတ်သည့် ရှစ်ခုမြောက်မုန်တိုင်းဖြစ်ပြီး တရုတ်တောင်ပိုင်းနှင့် အရှေ့ပိုင်း ပြည်နယ်များဖြစ်သည့် ဖူကျန့်၊ ကွမ်တုန်၊ ကျိကျန်နှင့် ကျန်ရှီပြည်နယ်များတွင် လိမ္မော်ရောင်အဆင့် မိုးလေဝသဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ပေးခဲ့သည်။

ဖူကျန့်ပြည်နယ် ဆက်သွယ်ရေးအာဏာပိုင်အဖွဲ့ကလည်း မိုဘိုင်းဖုန်းသုံးစွဲသူသန်း ၂၀ကျော်ထံသို့ မုန်တိုင်းသတိပေးချက်ကို ပေးပို့ခဲ့ကြောင်း သိရသည်။

အင်တာနက်။

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းရိုးတန်းသို့ မုန်တိုင်းမတိုက်မီ လှိုင်းလာရာဘက်သို့ ဦးလှည့် ဆိုက်ကပ်ထားသော စက်လှေများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကိုင်းတန်းလမ်းထိပ်ရှိ ဗုဒ္ဓဝါဠုကစေတီတော် ဂေါပကအဖွဲ့မှ ကျင်းပသော စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့က ကျင်းပရာ လမ်းမတော်မြို့နယ် သရက်တောတိုက် အုတ်လှေကားကျောင်း ဆရာတော် ဦးဩဘာသနှင့် ပင့်သံဃာ ၁၀ ပါးတို့အား ဝါဆိုသင်္ကန်း ၁၀၄စုံနှင့် လှိုင်သာယာမြို့နယ် သံပရိယတ္တိစာသင်တိုက်သို့ သင်္ကန်း ၁၀၄ စုံ စုစုပေါင်း သင်္ကန်း ၂၀၈ စုံအား ဂေါပကအဖွဲ့၊ မြို့နယ်အမျိုးသမီးဝတ်အဖွဲ့နှင့် ရပ်မိရပ်ဖများက စုပေါင်းကပ်လှူပြီးရေစက်ချစဉ်။

(ခရိုင်ပြန်/ဆက်)

ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီး (စံပြ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖတို့ စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရပ်ကွက်ရုံး၌ ကျင်းပရာ ဓမ္မလင်္ကာရကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်စဉ်။ (ကြေးမုံ)

ပြည်သူတို့လျှောက်သောလမ်း ပန်းတိုင်ရောက်ရမည်

ကေတုနီလာ

မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းခေတ်သည် တိုင်းရင်းသားပြည်သူတို့က ရွေးချယ်ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်မျှော်မှန်း လျှောက်လှမ်းတည်ဆောက်ကြရမည်ဖြစ်သည်။ "ဤသည်မှာ ပြည်သူတို့၏ ဒီမိုကရေစီပိုင်ခွင့်အရဖြစ်တည်ရှင်သန်လာသော အမျိုးသားရေးတာဝန်ဖြစ်သည်။"

ယင်းအမျိုးသားရေးတာဝန်ကို ဖော်ဆောင်နိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ သုံးနားညီ အမျိုးသားရေးအင်အားဖြင့် အခိုင်အမာညီညွတ်စွာ ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ မည်သို့သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများက မည်သို့ပင် ကန့်ကွက်နှောင့်ယှက် ဟန့်တားစေကာမူ ယင်းအဖျက်အန္တရာယ်မှန်သမျှကို ညီညွတ်တက်ကြွသောအမျိုးသားရေးအင်အားဖြင့် ပြတ်သားရဲရင့်စွာ ဖယ်ရှားချေမှုန်းကြမည်ဖြစ်သည်။ဤသည်မှာအမျိုးသားရေးအန္တရာယ်ကိုအမျိုးသားရေးတာဝန်အရ ဖယ်ရှားတွန်းလှန်ခြင်းဖြစ်၍ ဒီမိုကရေစီပိုင်ခွင့်ကို ပိတ်ပင်ခြင်းမဟုတ်ပေ။

စင်စစ် ဒီမိုကရေစီလိုလားသူများဟူ၍ ဆိုင်းဘုတ်ချိတ်၊ တံဆိပ်ကပ်ထားကြသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းအား ဘက်ပေါင်းစုံမှ ပိတ်ဆို့နှောင့်ယှက်အမှောင့်ပယောဂ အဖျက်လုပ်ငန်းများဖြင့် လုပ်ကြံဖျက်ဆီးခဲ့၊ လုပ်ကြံဖျက်ဆီးနေဆဲဖြစ်သည်။ ယင်းအဖျက်လုပ်ငန်းများ လုပ်ကြံရန် ကြိုးပမ်းကြံစည်နေသူများနှင့် လုပ်ကြံနေသူများအား နိုင်ငံတော်ကို တာဝန်ယူဦးဆောင်နေသော နိုင်ငံတော်အစိုးရက တည်ဆဲတရားဥပဒေများ၊ ပြစ်မှုဥပဒေများအရ အရေးယူခြင်းသည် ဒီမိုကရေစီအခွင့်အရေးကို ပိတ်ပင်ခြင်းမဟုတ်ပေ။ ဒီမိုကရေစီဖြစ်ပေါ်ရေး လမ်းကြောင်း မနှောင့်နှေးစေရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်သည်။

ရှင်းစွာဆိုရလျှင် ပြည်သူတို့ရွေးချယ်ပြဋ္ဌာန်းခဲ့သော**"ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါအခန်း(၁၄) ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ဥပဒေပုဒ်မ(၄၄၂)တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ကျင့်သုံးဆောင်ရွက်ရမည်"**ဟူ၍ လည်းကောင်း၊ ဥပဒေပုဒ်မ (၄၄၃)တွင်**"ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည်ဖော်ရေးအတွက်ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည်ဤဖွဲ့စည်းပုံအခြေခံဥပဒေအရဆောင်ရွက်သည်ဟု မှတ်ယူရမည်"** ဟူ၍လည်းကောင်း ဖော်ပြပါရှိပြီးဖြစ်သည်။

တစ်နည်းအားဖြင့် ပြည်သူတို့က ရွေးချယ်ခဲ့သောလမ်းအတိုင်း ဦးတည်ရာပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်ရေးအတွက် အတားအဆီး အနှောင့်အယှက် အမှောင့်ပယောဂများကို ပြည်သူတို့ကိုယ်စား ဖယ်ရှားရှင်းလင်းရန် နိုင်ငံတော်အစိုးရအား တရားဝင်တာဝန်(Mandate) ပေးအပ်ခြင်းလည်းဖြစ်သည်။

ထို့ကြောင့်ပင် **အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကိုနိုင်ငံတော်အစိုးရကအကောင်အထည်ဖော်ရာတွင် မလိုလားအပ်သော အတားအဆီး အနှောင့်အယှက်အဖျက်လုပ်ငန်းများကင်းရှင်းစွာ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ချောချောမွေ့မွေ့ဖြစ်စေရန် ဆောင်ရွက်နေခြင်းသည် ဒီမိုကရေစီအခွင့်အရေးကို တားဆီးပိတ်ပင်ခြင်း မဟုတ်သကဲ့သို့ မတရားဖိနှိပ်ညှဉ်းပန်းခြင်းလည်း မဟုတ်ပေ။**

ရိုးရှင်းစွာဆိုရလျှင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်တို့၏ အငှားလိုက်ကြေးစားလူမိုက်များပင်ဖြစ်သည်။ မိမိတို့အတွက် အခကြေးငွေ ရရှိရေး၊ ပွဲခရရှိရေးအတွက် နိုင်ငံနှင့်လူမျိုး ကျွန်ဘဝရောက်မည်ကိုလည်း မစိုးရိမ်၊ တစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက် ပြာပုံအဖြစ်ရောက်မည်ကိုလည်း ပူပင်ကြောင့်ကြမှု အနည်းငယ်မျှမရှိသည်အထိ နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်များကို အလုပ်အကျွေးပြုလျက်ရှိနေကြသည်။

ထို့ကြောင့်ပင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် နယ်ချဲ့ကိုလိုနီလက်သစ်တို့၏ နိုင်ငံရေး၊ စီးပွားရေး ဖိအားများဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ထိခိုက်ပျက်စီးစေရန် လုပ်ကြံခဲ့ကြသည်။ အကျိုးဆက်ရလဒ်မှာ အခြေခံစီးပွားရေး အဆောက်အအုံများ တည်ဆောက်ရာတွင် နှောင့်နှေးကြန့်ကြာ တုံ့ဆိုင်းမှုများ ဖြစ်စေခဲ့သည်။ ဒီမိုကရေစီဖြစ်ပေါ်ရေးအတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေခဲ့သည်။ အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမ ခြောက်သောင်းကျော် အလုပ်လက်မဲ့ ဖြစ်စေခဲ့သည်။ အလုပ်သမား မိသားစုတစ်သိန်းကျော်၏ စားဝတ်နေရေးကို ထိခိုက်စေခဲ့သည်။ **အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူအများ အသက်သေကျေဆုံးရှုံးစေခဲ့သည်။ ထိခိုက်ဒဏ်ရာအနာတရဖြင့် ကိုယ်လက်အင်္ဂါများ ပျက်စီးဆုံးရှုံးစေခဲ့သည်။ ယင်းပျက်စီးဆုံးရှုံးထိခိုက်မှုများ၊ အသက်ဆုံးရှုံးမှုများသည် ဒီမိုကရေစီလား၊ နိုင်ငံနှင့်လူမျိုးပျက်စီးရေးလားဆိုသည်မှာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ အထင်အရှားပင် တွေ့မြင်နေရသည်။**

ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် ဒီမိုကရေစီဖြစ်ပေါ်ရေးလမ်းကြောင်းအား ပျက်ပြားစေရန်၊ တစ်မျိုးသားလုံး၏ဆန္ဒကို လွှမ်းခြုံကိုယ်စားပြုသော တိုင်းပြုပြည်ပြုညီလာခံဖြစ်သည့် အမျိုးသားညီလာခံကို ပျက်စီးစေရန် ဟန့်တားနှောင့်ယှက် ကန့်ကွက်ခဲ့ကြသည်။ သို့သော်လည်း အမျိုးသားညီလာခံကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပြဋ္ဌာန်းရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုချမှတ်နိုင်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းနောက် အမျိုးသားညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ရေးဆွဲနိုင်ခဲ့သည်။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုပြဋ္ဌာန်းရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပျက်ပြားစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကိုကန့်ကွက်ဆန္ဒမဲပေးရန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ သို့သော်လည်း ဆန္ဒမဲပေးနိုင်သူ ၂၇ သန်းကျော်မှ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း)အား ထောက်ခံဆန္ဒမဲပေးခဲ့ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)အဖြစ် အခိုင်အမာပေါ်ထွန်းလာစေခဲ့သည်။

ပြည်သူတို့ကိုယ်တိုင် ဆန္ဒပေးရွေးချယ်ထောက်ခံ အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့ရွေးချယ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး လမ်းဖြစ်သည်။ ယင်းဒီမိုကရေစီ ဖြစ်ပေါ်ရေးလမ်းကိုပျက်စီးစေရန် နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များနှင့်ဩဇာခံ ပြည်တွင်း၊ ပြည်ပအဖျက်သမားများက အုံနှင့်ကျင်းနှင့် အတိုင်အဖောက်လုပ်ပြီးဘက်ပေါင်းစုံမှစည်းရုံးလှုံ့ဆော် လုပ်ကြံလျက်ရှိကြသည်။

စင်စစ်အားဖြင့် ပြည်သူတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ကို အတည်ပြု ထောက်ခံလိုက်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် နယ်ချဲ့ကိုလိုနီလက်သစ်များအား ပြည်သူတို့ကဆန့်ကျင်လျက်ရှိသည်ကိုလည်းကောင်း၊ လိုလားနှစ်သက်ခြင်းမရှိသည်ကိုလည်းကောင်း ပိုမိုထင်ရှားလာစေခဲ့သည်။ နိုင်ငံတော်အစိုးရကို ယုံကြည်စွာထောက်ခံဆန္ဒမဲပေးလိုက်ခြင်းလည်းဖြစ်သည်။ ဤတွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ပြည်သူတို့က နိုင်ငံရေး စည်းရုံးရေးအရ အရှုံးထိုးလိုက်သကဲ့သို့ဖြစ်ရာ ယင်းတို့အတွက် အနာဂတ်မဲ့သည့် အခြေအနေသို့ ရောက်ရှိစေခဲ့သည်။

ထို့ကြောင့်ပင် ပြည်သူတို့က လက်မခံတော့ပြီဖြစ်သော ၉၀ ပြည့်နှစ် ရလဒ်ဟောင်းကိုပင် ဖုန်ခါပေါလစ်တိုက်ပြီး လွှတ်တော်ခေါ်ပေးရမည်ဟု သွေးရူးသွေးတန်း အော်ဟစ်လာခဲ့ကြသည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူတို့က ဆန္ဒပေးထောက်ခံအတည်ပြုပြဋ္ဌာန်းခဲ့ခြင်းမှာလည်း တရားမဝင် လက်မခံနိုင်ဟုဆိုကြပြန်သည်။ နိုင်ငံတကာအစိုးရများနှင့် ကုလသမဂ္ဂတို့ကလည်း လက်မခံဘဲ အသိအမှတ်မပြုကြရန် ကမ္ဘာ့အလယ်တွင် ရှက်ဖွယ်ကောင်းလောက်အောင် ကယ်ပါကူပါဟု အကူအညီတောင်းခံလျက်ရှိကြသည်။

အလားတူပင် ကျောက်မျက်ရတနာသူခိုး ပြည်သစ်ညွန့်ဝေ(ခေါ်) မောင်မောင်နှင့် အပေါင်းပါပြည်ပြေး၊ ဝရမ်းပြေးများက မြန်မာနိုင်ငံအစိုးရကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအစိုးရအဖြစ် အသိအမှတ်မပြုရန်ဟူ၍ လည်းကောင်း၊ အနောက်အုပ်စု နိုင်ငံအချို့မှ နိုင်ငံရေးသမားအချို့နှင့် လူမှုရေးအဖွဲ့အစည်းအမည်ခံထားသော နယ်ချဲ့ကိုလိုနီလက်သစ်တို့၏ ခြေသည်းလက်သည်း အဖွဲ့အစည်းအချို့ကလည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ကုလသမဂ္ဂမှ အသိအမှတ်မပြုရန်နှင့် စစ်အစိုးရကကျင်းပမည့် ရွေးကောက်ပွဲမှာလည်း တရားမျှတမှုမရှိနိုင်ဟူ၍လည်းကောင်း ကျိုးကြောင်းမဲ့၊ အခြေအမြစ်မဲ့ စွပ်စွဲချက်များဖြင့် ပုတ်ခတ်လျက်ရှိသည်။

ဇွင်းပြင် လတ်တလောမှာပင် CRPP မှ ပူကျင့်ရှင်းထန်၊ ဦးသိန်းဖေ၊ ဒေါက်တာမြင့်နိုင်၊ ဦးညီပု၊ ဒေါက်တာတင်မင်းထွန်း ဆိုသူ ငါးဦးက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် လုံခြုံရေးကောင်စီကို လိပ်မူလျက် အိတ်ဖွင့်ပေးစာတစ်စောင်ကို အဆင်ခြင်မဲ့စွာ ပေးပို့ခဲ့သည်ကိုလည်း တွေ့ရှိရပြန်သည်။ ထုံးစံအတိုင်း မူဝါဒလမ်းစဉ် (၇) ရပ်ကို ပုတ်ခတ်ပြီး အခြေခံဥပဒေသည် တရားမဝင်ကြောင်း၊ NLD အပါအဝင် ဆန့်ကျင်ဘက်များနှင့် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ဆွေးနွေးရန် တောင်းဆိုကြောင်းများသာ ဖြစ်သည်။ စည်းဝါးကိုက်ထားသည့်အလား မသူတော်အချင်းချင်း ရိုင်းပင်းသည့်အနေဖြင့် ခွန်မြင့်ထွန်း ဦးဆောင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ အမည်ခံ ပုဆိန်ရိုးတစ်စုကလည်း ထောက်ခံကြောင်း ကြေညာချက်ကို အပြေးအလွှားထုတ်ခဲ့ကြသည်။ သို့သော် အခြေအမြစ်မဲ့ စွပ်စွဲပုတ်ခတ်မှုများဖြင့် အပ်ကြောင်းထပ်နေသည့် မဲပြာပုဆိုးကြေညာချက်များကို ယနေ့ပြည်သူက လုံးဝလက်မခံတော့ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)သည် နိုင်ငံတော်အစိုးရက အတင်းအကျပ်ဖိနှိပ်ပြီး ပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ပေ။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ပြည်သူတို့အား လွတ်လပ်စွာ ဆန္ဒပြုစေခဲ့သည်။ အကယ်၍ နိုင်ငံတော်အစိုးရက အတင်းအကျပ်ဖိနှိပ်ပြီး ဆန္ဒခံယူခဲ့ပါကလည်း ဤမျှသော ၉၂ဒသမ၄၈ရာခိုင်နှုန်း ဆန္ဒမဲများကို ရယူနိုင်မည်လား စဉ်းစားဖွယ်ပင်ဖြစ်သည်။ ယင်းနှင့်အတူ ၁၉၉၀ပြည့်နှစ်ရလဒ် အကောင်အထည်ဖော်ရေးဆိုသည်မှာလည်း (၁၈)နှစ်ကျော်အချိန် ကာလအတွင်း ချင်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် လုံးဝခြားနားဆန့်ကျင်လျက်ရှိပြီး မည်သို့မျှ မဖြစ်နိုင်တော့ပေ။

မိမိနိုင်ငံ၏ အခြေအနေ အရပ်ရပ်နှင့် လိုက်လျောညီညွတ်စွာ **ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို မိမိပြည်သူတို့၏ဆန္ဒဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းမှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုအရ မည်သည့် နိုင်ငံတကာ အဖွဲ့အစည်းနှင့် မည်သည့်အစိုးရ အဖွဲ့အစည်းတို့ကမျှ စွက်ဖက်ပိုင်ခွင့်မရှိပေ။ ဤသည်မှာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း လိုက်နာရမည့်ကျင့်ဝတ်သီလပင်ဖြစ်သည်။** ယင်းအပြင် မြန်မာနိုင်ငံအစိုးရအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအစိုးရအဖြစ် အသိအမှတ်မပြုရန်ဆိုပြီး အကြံကုန် ဂဠုန်ဆားချက်သကဲ့သို့ မရေရာမခိုင်မာသော

စာမျက်နှာ ၇ ကော်လံ ၁ သို့

မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီညွတ်စွာ ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို မိမိပြည်သူတို့၏ဆန္ဒဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ခြင်းမှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုအရ မည်သည့်နိုင်ငံတကာ အဖွဲ့အစည်းနှင့် မည်သည့်အစိုးရ အဖွဲ့အစည်းတို့ကမျှ စွက်ဖက်ပိုင်ခွင့်မရှိပေ။ ဤသည်မှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း လိုက်နာရမည့် ကျင့်ဝတ်သီလပင်ဖြစ်သည်။

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုအထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစုကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Developement Forum) ကိုမြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (ဘီ)၌ ဇူလိုင် ၃၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ၃နာရီအထိကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် မိသားစုကျန်းမာရေးစောင့်ရှောက်မှု စာတမ်းများနှင့် အထွေထွေရောဂါကု ဆရာဝန်များအတွက် Assessing Cardio-Metabolic Risks နှင့်ပတ်သက်၍ အထူးကုသမားတော်ကြီးများကအမေးအဖြေများဖြင့် ဆွေးနွေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးက ကြီးမှူး၍ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဓမ္မစကြာ ပဋိပတ်ရိပ်သာ၌ကျင်းပရာ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏသာမိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်ဌာနကြီးမှူးများ၊ ဘဏ္ဍာရေးရာဌာနမှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဘဏ္ဍာရေးရာဌာနကြီးမှူး ဒေါ်အေးအေး အမှူးပြုသော အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ဆရာကြီးတို့အား ဝါဆိုသင်္ကန်း၊သီလရှင်ဝတ်စုံ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင်ငွေကျပ်သုံးသိန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေစက်သွန်းချ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များ ဘဏ္ဍာရေးရာဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

အကြောင်းပြချက်များဖြင့် စွဲချက်တင်ပုတ်ခတ်နေသည်မှာလည်း ယိုသူမရှက်၊ မြင်သူရှက်ဖွယ်ဖြစ်သည်။ **မြန်မာနိုင်ငံ အစိုးရအဆက်ဆက်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လိုက်နာရမည့် ကျင့်ဝတ်သီလများကိုလည်း မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ ကုလသမဂ္ဂမှ ဦးဆောင်သော နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ ထွန်းကားရေး၊ ပညာရေး၊ ကျန်းမာရေးစသော လုပ်ငန်းများတွင်လည်း တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်နေဆဲလည်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာကိုမျှ ထိပါးစွက်ဖက် ကျူးကျော်ခြင်းလည်း မရှိခဲ့ပေ။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေတို့မှာလည်း နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာနိုင်ငံသည် မည်သည့်ကျင့်ဝတ်သီလ ချိုးဖောက်မှု၊ မည်သည့်တာဝန်ပျက်ကွက်မှု၊ မည်သည့်ပြစ်မှုမျှမရှိခဲ့သည့် တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံသာ ဖြစ်ပေသည်။**

ရှင်းစွာဆိုရလျှင် ကုလသမဂ္ဂအဖွဲ့အား နိုင်ငံတကာကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ အပေါင်းပါများ၊ ဩဇာခံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ခြယ်လှယ်ရန်နှင့် ကျူးကျော်ရန်အတွက် အကာအကွယ်အသုံးချခံ အဖွဲ့အစည်းအဖြစ် ပုံဖော်လိုကြသည်။ အဖွဲ့ဝင်နိုင်ငံငယ်များအား ဖိအားပေးစည်းရုံးသည်။ အကူအညီမက်လုံးများပေးပြီး ဖြားယောင်းသိမ်းသွင်းသည်။ ယင်းအခြေအနေအရပ်ရပ်ကိုမလိုလားကြသော ကျန်အဖွဲ့ဝင်နိုင်ငံများက ဟန့်တားကာကွယ်ပေးလျက်ရှိသည့်အတွက်သာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များစွာသည် တည်ငြိမ်စွာ ရပ်တည်နေနိုင်ကြခြင်းဖြစ်သည်။

ချုပ်၍ဆိုပါတော့မည်။ **မြန်မာတိုင်းရင်းသား ပြည်သူတို့သည် မိမိတို့နိုင်ငံအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်အတူစစ်မှန်ပြီးစည်းကမ်းပြည့်ဝသောဒီမိုကရေစီကိုဖော်ဆောင်မည့်အနာဂတ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရန်ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ကို ထောက်ခံဆန္ဒပေးအတည်ပြုခဲ့ပြီးဖြစ်သည်။ ဤသည်ပင်လျှင် ပြည်သူတို့လျှောက်မည့်လမ်းကို ပြည်သူတို့ကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်ရာ ပြည်သူတို့ယုံကြည်မျှော်မှန်းရာ ပန်းတိုင်ဖြစ်သည့် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်သည် မလွဲမသွေ ဖြစ်တည်ရှင်သန်လာမည်ဖြစ်သည်ဟူ၍ အခိုင်အမာ ယုံကြည်လျက်ရှိသည်။** ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင် လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၈၉)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာ သဒ္ဒါ မြတ်ကျမ်းစာ(၁)
	၂၀။	မွေးမြူသုတ
	၂၁။	ဗွီစီဒီကျော်ကြား တေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း အပိုင်း(၁၄)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့်မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ၀၈လက်မ၊ သထုံမြို့တွင် ၄ဒသမ၇၂လက်မ၊ ဟသ်တမြို့တွင် ၄ဒသမ၀၆လက်မ၊ သိမ်ဇရပ်မြို့တွင် ၄ဒသမ၀၂လက်မ၊ ပဲခူးမြို့တွင် ၃ဒသမ၇၄လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ဒသမ၄၂လက်မ၊ သာယာဝတီမြို့တွင် ၂ဒသမ၈၄ လက်မ၊ ဘားအံမြို့တွင် ၂ဒသမ၈၃လက်မ၊ သံတွဲမြို့နှင့် ဂွမြို့တို့တွင် ၂ဒသမ၁၇လက်မစီ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၁၆လက်မ၊ မော်လိုက်မြို့တွင် ၂ဒသမ၀၉လက်မ၊ ထားဝယ်မြို့တွင် ၁ဒသမ၇၀လက်မ၊ မောင်တောမြို့နှင့်ကျောက်ဖြူမြို့တို့တွင် ၁ဒသမ၆၉လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၂၈ရက် ညနေထိ ခန့်မှန်းချက် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၂၇-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)၂၈-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၂၈-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ ဒသမ ၃နာရီခန့် ၂၇-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၈-၇-၂၀၀၈	၆မမ (၀. ၂၄လက်မ)	၁၉မမ(၀. ၇၅လက်မ)	၃၁မမ(၁. ၂၂လက်မ)
၁-၁-၂၀၀၈မှ	၁၅၁၃မမ	၁၇၀၁မမ	၂၀၂၈မမ
ယနေ့အထိ	၅၉. ၅၇လက်မ	၆၆. ၉၇လက်မ	၇၉. ၈၄လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၇-၇-၂၀၀၈ ရက်၁၁း၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပြင်စလူမြို့ လေဘေးပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား (၃)မိုင်ကယ်ဆယ်ရေးစခန်းကွပ်ကဲမှုရုံး၌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက လပွတ္တာမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နေရေး၊ စားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ (၃)မိုင်ကယ်ဆယ်ရေးစခန်းမှ လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် သွားရောက်ကြပြီး ပြင်စလူမြို့ မြို့ကွက်ဖော်ထုတ်ထားမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ရှုးဦးစွာ ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့သို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို မေးမြန်းမှာကြားကြသည်။

လပွတ္တာမြို့နယ် ပြင်စလူမြို့ မြို့ကွက်ဖော်ထုတ်ထားမှု အခြေအနေကို ရဟတ်ယာဉ်ပေါ်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေတာဝန်ခံ ဗိုလ်မှူးကြီးမြင့်စိန်က ပြင်စလူမြို့ မြို့ကွက်ဖော်ထုတ်ပြီးစီးမှု၊ နေအိမ်များဆောက်လုပ်မှုအခြေအနေနှင့် ဆောက်လုပ်ပြီး နေအိမ်များ၌ လေဘေးသင့် ပြည်သူများအား နေရာချထားပေးမှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေပေးထားမှု၊ ယာယီစာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးမှုနှင့် စာသင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ပြင်စလူမြို့ရှိ လယ်မြေဧက ၁၄၁၃၅၈ ဧက ကျော်အနက် မိုးစပါးဧက ၆၆၁၅၆ ဧက စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်း ၄၀ ခန့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ရာသီချိန်မီ စိုက်ဧကများပြည့်မီအောင် စိုက်ပျိုးရေးနှင့် ဖြန့်ဝေပေးထားသည့် လက်တွန်းထွန်စက်များကို စက်စွမ်းအားပြည့် ထွန်ယက်နိုင်ရေးအတွက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအတွက် မက်စ်မြန်မာကုမ္ပဏီက လှူဒါန်းပြီး တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် နေအိမ်များဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီး နေအိမ်များ၌ လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ယခုကဲ့သို့ နိုင်ငံတော်၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ စေတနာရှင်၊ အလှူရှင်များနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုတို့ဖြင့် နေထိုင်ရန် နေအိမ်များနှင့် မူလအသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ပေးထားပြီးဖြစ်၍ မိမိတို့ လူမှုဘဝ မြင့်မားအောင် အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ လေဘေးပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းတိုင်း၊ ... (အရှေ့ပိုင်း)တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေ... တွေ့ဆုံနှုတ်ဆက် အားပေးကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပြင်စလူမြို့ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်န... ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပြင်... ထွက်ခွာခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချု... ဘုရင့်နောင်ရိပ်သာ၌ တိုင်းမှူး ဗိုလ်မှူ... အတွင်း လေမုန်တိုင်းဒဏ်ခံခဲ့ရသည့်... ဧရာဝတီတိုင်း တစ်တိုင်းလုံး၌ မိုးစပါးမျ... အဝ ပြန်လည်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွ... အထွက်နှုန်း ရရှိရေးအတွက် အထွက်နှု... စိုက်ပျိုးသွားရန် စီမံထားရှိ၍ ယခင်နှစ်... မည့် အခြေအနေများကို ရှင်းလင်းတင်...

ရှင်းလင်း...

ဆက်လက်၍ ကာကွယ်ရေး... ဧရာဝတီတိုင်းအတွင်း ရေတော် မိုးတော်... နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်... မောင်မောင်သိမ်းက လေဘေးသင့် ပြည်... ပိုက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်... ကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်... ဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ... မှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်... လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချ... ယာဉ်များဖြင့် လပွတ္တာမြို့မှ မော်လမြိုင်...

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၅ ၄။ အတီးပြိုင်ပွဲ
၈း၀၀ ၅။ တေးဂီတအစီအစဉ်
၈း၁၅ ၆။ အကပြိုင်ပွဲ
၈း၃၀ ၇။ International News
၈း၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၄း၃၀ ၄။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၄၀ ၅။ **"စပါးကရွှေ ငါးကငွေ" (ညီဂျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး) (ဒါရိုက်တာ-နိုင်း)**
၄း၅၀ ၆။ မိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်နေစေတေးများ
၅း၀၀ ၇။ အတီးပြိုင်ပွဲ
၅း၁၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၂။ သုတစုံလင် ရွှေညာဏ်ရှင်
၇း၂၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနဲ့လှည့်ကွက်" (အပိုင်း-၁၆)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၁၆)**
၁၈။ အစီအစဉ်ပြီး၏။

လေဘေးသ...
အလှူငွေနှင့်...

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်... နှင့် ပစ္စည်းများ လှူဒါန်းလိုပါက ...

အလှူငွေများကို ရန်ကုန်မြို့ ... ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြ... ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း... ဒုတိယညွှန်ကြားရေးမှူး၊ ဦးကျော်ဝင်း...

ပစ္စည်းများကို လူမှုဝန်ထမ်း၊ က... ဗိုလ်မှူးချုပ်ကျော်မြင့် ဖုန်း-၀၉-၈၆၀... စေတီအနီး ရန်ကုန်မြို့သို့လည်းကော... ချထားရေးဦးစီးဌာန) ကုန်သွယ်ရေးဂို... ဖုန်း- ၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅... ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦး... ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သ...

ဆောင်ရွက်လျက်ရှိသည့် စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံနှုတ်ဆက် အားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပြင်စလူမြို့မှ လပွတ္တာမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လပွတ္တာမြို့ ဘုရင့်နောင်ရိပ်သာ၌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဧရာဝတီတိုင်းအတွင်း လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ် ခုနစ်မြို့နယ် အပါအဝင် ဧရာဝတီတိုင်း တစ်တိုင်းလုံး၌ မိုးစပါးများ လျာထားချက်အတိုင်း အပြည့်အဝ ပြန်လည်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထွက်နှုန်းကောင်း မျိုးစပါးများ ပြောင်းလဲစိုက်ပျိုးသွားရန် စီမံထားရှိ၍ ယခင်နှစ်ကထက် မလျော့ဘဲ စပါးထွက်ရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက ဧရာဝတီတိုင်းအတွင်း ရေတော် မိုးတော် ထွန်တုံးပိတ်နိုင်မည့် မြို့နယ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လေဘေးသင့် ပြည်သူများအတွက် ငါးဖမ်းလှေ၊ ငါးဖမ်းပိုက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ပံ့ပိုးပစ္စည်းများ ဖြည့်ဆည်းပေးမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရောက်ရှိကြပြီး ရှေးဦးစွာ လှိုင်းဘုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လှိုင်းဘုန်းကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လှိုင်းဘုန်းကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား လှိုင်းဘုန်းကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေမုန်တိုင်းဒဏ်ကြောင့် အိုးအိမ်မဲ့ဖြစ်သွားသည့် လှိုင်းဘုန်းကျေးရွာမှ လေဘေးသင့်ပြည်သူများအတွက် အော်ရီဂျင်နယ်ဂရု(ပ်)ကုမ္ပဏီက လှူဒါန်းပြီး တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘုန်းကျေးရွာမှ ရန်ကုန်မြို့သို့ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ (သတင်းစဉ်)

ကိုယ်ကျင့်သီလ ရှိသူနှင့် မရှိသူတို့၏ ဖြစ်ကျိုးပြတရားတော် အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၈

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၅ ရက်၊ ဩဂုတ် ၁ ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်း အစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မှော်ကျောင်း ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမနက **"ကိုယ်ကျင့်သီလ ရှိသူနှင့် မရှိသူတို့၏ ဖြစ်ကျိုးပြ တရားတော်"** ကို အသံလွှင့် ဟောကြားတော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၂၈

၁၃၇၀ပြည့်နှစ် ဝါဆိုလကွယ်နေ့၊ ၁-၈-၂၀၀၈ (သောကြာနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ဦးစီးပဓာနနာယက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) အရှင်သူမြတ်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဇေယျသုခဝါဆိုကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တစန္ဒိမာ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဓာတ်မီး ဓမ္မဝါစကကျောင်း ပဓာနနာယက သ၊စ၊အ ဓမ္မာစရိယ ဘဒ္ဒန္တဉာဏာဝရာဘိဝံသ အရှင်သူမြတ်က ဥပုသ်သီလပေး တရားတော်များကိုလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

အရှင်အာစာရာလင်္ကာရ တရားပွဲများ

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးအနီးရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်ကြီး၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရသည် ဩဂုတ် ၂၊ ၃၊ ၄၊ ၅ ရက်နှင့် ၆ ရက်တို့တွင် မန္တလေးမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားရင်ပြင်၊ ဩဂုတ် ၇ရက်နှင့် ၈ရက်တို့၌ ပြင်ဦးလွင်မြို့ မြို့သစ်ရပ်၊ ဩဂုတ် ၉ရက်၊ ၁၀ရက်နှင့် ၁၁ရက်တို့တွင် မန္တလေးမြို့ လမ်း ၆၀ (၃၄ နှင့် ၃၅) လမ်းကြား နဂါးကွက်သစ်ရပ်ကွက် သီလရက္ခိတဓမ္မာရုံတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။ ဝါတွင်း ဝါပ တရားပွဲရက်ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉၂၁၃၀၈၉၅၊ ၀၉၅၀-၅၅၈၃၈၊ ၀၁-၇၀၈၄၀၃၊ ၀၇၂-၂၂၁၇၀ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Nickel Co., Ltd. တို့သည် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်တို့ရှိ တကောင်းတောင်ဒေသ နီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining (Group) Co., Ltd. President, Mr. Luo Tao၊ CNMC Nickel Co., Ltd. Chairman, Mr. Wang Xiaowei၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNMC Nickel Co., Ltd. Chairman, Mr. Wang Xiaowei တို့က လုပ်ငန်းသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အကြီးစားဓာတ်သတ္တု ထုတ်လုပ်ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်တို့ကို CNMC Nickel Co., Ltd. Chairman သို့ ပေးအပ်လိုက်သည်။

(သတင်းစဉ်)

အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Nickel Co., Ltd. တို့ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်တို့ရှိ တကောင်းတောင်ဒေသ နီကယ်သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဖယ်ရိုနီကယ် ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုပွဲကျင်းပစဉ်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂၈

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါနေရာများ၌ လှူဒါန်းနိုင်သည်-

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၁၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း- ၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း- ၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူးဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးကျော်ဝင်းတင် ဖုန်း- ၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ဖုန်း-၀၉-၈၆၀၀၀၂၆၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး ရန်ကုန်မြို့သို့လည်းကောင်း၊ ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) ကုန်သွယ်ရေးဂိုဒေါင်အမှတ် (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး၊ ဖုန်း- ၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ တို့သို့လည်းကောင်း၊ ဦးအောင်ထွန်းခိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း- ၀၉-၈၆၀၀၇၀၂၊ ၀၉-၈၆၀၁၀၀၃ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းသံဃနာယကအဖွဲ့ဝင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ဝန်ထမ်းများက ငါးပါးသီလ ခံယူတည်ဆောက်ကြပြီး မဟာသိမ်တော်ကြီးကျောင်းတိုက် ဆရာတော်နှင့် သံဃာတော်များအား မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဇနီးနှင့် ဌာနဆိုင်ရာများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာများမှ အသင်းဝင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ခန်းမ၌ ကျင်းပသည့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူး ရရှိကြသူများနှင့် သင်ကြားပေးသောဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဂုဏ်ထူးရရှိကြသူများနှင့် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း တစ်ကျောင်းနှင့် အခြေခံပညာ မူလတန်းကျောင်း ၁၁ ကျောင်းတို့မှ တန်းစဉ်အလိုက် နဝမတန်းမှသူငယ်တန်းအထိ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တောင်တွင်းကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်မြင့်နှင့် ငါးဘာသာဂုဏ်ထူးရှင် မသင်းသီရိဖြိုးအေးတို့က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌မြို့နယ်အသင်းအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ ၅၂ အုပ်စုမှ အသင်းဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြို့သစ်မြို့ ရတနာခန်းမ၌ ကျင်းပသော နဝမအကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ လေးဘာသာဂုဏ်ထူး ရရှိသူနှင့် သင်ကြားပေးသော ဆရာ၊ ဆရာမများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးခင်မောင်မြင့်နှင့် အထက်တန်းပြဆရာ ဦးခင်မောင်မြင့်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ဂုဏ်ထူးရရှိကြသူများနှင့် မြို့သစ်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းများ၌ နဝမတန်းမှ သူငယ်တန်းအထိ တန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် သုခသမ္မဒါလေသာ ကျောင်းတိုက်၌ ကျင်းပသော မြို့သစ်မြို့ပေါ်ရှိ ဝါဆိုသံဃာ ၉၆ ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး မြို့ဦးကျောင်းတိုက် ဆရာတော်နှင့် ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)-ဒေါ်ခင်ကြည်၊သား မောင်ဝင်းအောင်၊ မဝင်းယုနွယ်၊ မြေး မအောင်ကြင်း၊ မောင်နိုင်ဦး၊ မဝင်းပပမျိုး၊ မဝင်းသူသူထက် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကိုပိဋကနှစ်ပုံခွဲအောင်ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဦးအောင်သိန်းလင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည် ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဦးအောင်သိန်းလင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဦးမောင်ပါ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့်အတူပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်နှင့် ပြည်နယ်နှင့်တိုင်းအသင်းများမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၁၄ ဦးတို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အစည်းအဝေးတက်ရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ်အမှုဆောင်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် **(ယာပုံ)** သည် ဇူလိုင်၂၇ရက် မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ဇူလိုင် ၂၈ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ်၏ ဈေးကွက်နှင့် ငွေကြေးရှာဖွေရေးကော်မတီ အစည်းအဝေးနှင့် ဇူလိုင် ၂၉ ရက်တွင် ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးတို့ကို တက်ရောက်မည်ဖြစ်သည်။ (ကြေးမုံ)

ပညာဒါနသင်တန်း ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် လေးဒေါင့်ကန်လမ်းမကြီး (ဘဝမြင့်မှတ်တိုင်အနီး)ရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယကဆရာတော် ဦးစီး၍ ပညာဒါနသင်တန်းများအဖြစ် အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်ဘာသာ (အရေး၊ အပြော၊ အဖတ်) သင်တန်းများကို ဩဂုတ် ၉ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ပညာဒါနသင်တန်းများတွင် (Top English Magazine) အယ်ဒီတာချုပ် ဦးမိုးမြင့်မောင် (ဆရာဝီလျံ)နှင့် ဦးစိုးငြိမ်း (Sakura)တို့ အပါအဝင် ဆရာ၊ ဆရာမများက ပညာဒါနအဖြစ် သင်ကြားပို့ချမည်။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၂၈

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀နာရီတွင် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မိဘဆရာအသင်း ကျောင်း အကျိုးတော်ဆောင်အဖွဲ့နာယက ဦးတင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးကြွယ်တို့က ဂုဏ်ပြု အမှာစကားပြောကြားကြသည်။

ထို့နောက် သန်လျင်အထက(၁)မှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၂ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၃၃ ဦးရှိရာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းတွင်းတန်းစဉ်အသီးသီးမှ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်နိုင်ရန် မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၂၇)

သင့်သွေးဖြင့် အသက်ကယ်ပါ

သဲကုန်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၈

အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt)(Ph.D) အမှူးပြုသော သံဃာတော်များအား သဲကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဩဂုတ် ၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဘေလီတံတားအနီး၊ သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာ့ဗိမာန်တော်တွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်မြို့ (နာယက) ဖုန်း-၆၄၁၁၅၇၊ ဦးခင်မောင်ထွန်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၁၃၅၈၇၊ ဦးသန်းလွင် (ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၀၂၀၈၃၅၊ ဦးဝမ်းမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၂၈၃၉၅နှင့် ဦးဇော်ဝင်း(စာရင်းစစ်)ဖုန်း-၅၉၀၂၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများအား ဂုဏ်ပြုပွဲတွင် မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးတင်ဝင်း အမှာစကား ပြောကြားစဉ်။

(၅၂၇)

ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲကျင်းပ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူးဒေါက်တာတိုးလှ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာကျော်ဝင်းနှင့် ဦးကျော်၊ ရှေးဟောင်းသုတေသန ပညာရှင် ဦးမြင့်အောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်ကအမှာစကားပြောကြားပြီးစာတမ်းဖတ်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သဘာပတိ

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပပြီးအလှည့်ကျသဘာပတိများအဖြစ် မြန်မာသမိုင်းအဖွဲ့အတွင်းရေးမှူး ဒေါက်တာတိုးလှ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာကျော်ဝင်း၊ ဦးကျော်နှင့် ရှေးဟောင်းသုတေသန ပညာရှင် ဦးမြင့်အောင်တို့က ဆောင်ရွက်ကြသည်။ နံနက်ပိုင်းစာတမ်းဖတ်ပွဲတွင် ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဒေါက်တာအောင်နိုင်စိုးက "Pondaung Anthropoid Primates; Synthesis and Paleoenvironmental Implications" စာတမ်း၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)မှကထိက ဦးဝင်းကြိုင်က **"မြန်မာနိုင်ငံတွင် ပထမဆုံးတွေ့ရှိရသော ကျောက်ခေတ်လယ် အထောက်အထားများ ပဏာမလေ့လာချက်"** စာတမ်းနှင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှကျောင်းအုပ်ကြီး ဦးသိန်းလွင်က **"ဗိသနိုးမြို့ဟောင်းတူးဖော်မှု ၂၀၀၃ခုနှစ်နှင့်ထူးခြားသောတွေ့ရှိချက်များ"** စာတမ်းတို့ကို ဖတ်ကြားပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်က "The Application of Mandala Concept in Tharekhittara (S'riksetra)" စာတမ်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်က **"ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ နှစ်ထပ်စေတီနှင့် ဂူဘုရားများ"** လေ့လာချက်စာတမ်း၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း)ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်က **"မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် ထိန်းသိမ်းရေးအခန်းကဏ္ဍ"** စာတမ်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးအောင်က **"ပုဂံနန်းတော်ရာတူးဖော်မှု သုတေသန လေ့လာချက်"** စာတမ်းတို့ကို ဖတ်ကြားကြသည်။

ဖတ်ကြား တင်သွင်းသွားသော စာတမ်းများနှင့်စပ်လျဉ်း၍ မြန်မာသမိုင်းအဖွဲ့အတွင်းရေးမှူးဒေါက်တာတိုးလှ၊မြန်မာသမိုင်းအဖွဲ့ဝင်ဒေါက်တာကျော်ဝင်း၊ဦးကျော်၊ရှေးဟောင်းသုတေသနပညာရှင်ဦးမြင့်အောင်၊ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်ဦးတင်စိုး၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်) ကျောင်းအုပ်ကြီးဦးသိန်းလွင်၊ အမျိုးသားစာကြည့်တိုက်ညွှန်ကြားရေးမှူးဦးကျော်ဦး၊လက်ထောက်ညွှန်ကြားရေးမှူး များဖြစ်ကြသော ဦးညိမ်းလွင်၊ ဦးမြင့်ဝေနှင့်တက်ရောက်လာကြသော ပညာရှင်သုတေသီများ၊ဧည့်သည်တော်များ၊သုတေသနဝန်ထမ်းများကဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက်မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရှေးဟောင်းသမိုင်းအထောက်အထားများ သုတေသနစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆုတူးပန် ရွှေကျင်ကျောင်းတိုက် ဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၈

နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယ ရန်ကုန်မြို့ တာမွေမြို့နယ် ဆုတူးပန်ပရိယတ္တိရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၏(၇၂)နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက်တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသထံမှ ပရိသတ်တို့က ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်၊ သံဃာတော်တို့အား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် သထုံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒကအနုမောဒနာတရား ဟောကြားတော်မူရာ ပရိသတ်တို့ကလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၆)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ်ဂျာနယ် အမှတ်(၆၂၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉)လမ်းထောင့် Central Tower ပထမထပ်ရှိ Sewsone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် နစ်မြုပ်ရေယာဉ်ဆယ်ယူရေးတွင် တရုတ်က လှူဒါန်းသော လေအိတ်ကြီးများကြောင့် ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်၊ ဒေါ်လာတစ်သန်း ကုန်ကျမည့် ဇီဝနည်းပညာသုံးပိုးသတ်ဆေးစက်ရုံ တည်ဆောက်မည်၊ အင်္ဂလန်တစ်နိုင်ငံလုံးအမှတ်အများဆုံးကျောင်းသား ၁၀ဦးတွင် မြန်မာ ငါးဦးပထမဆုံးပါဝင်၊အမေရိကန်ကတိုက်ရိုက်ချီးမြှင့်သည့် MBA ဘွဲ့ကိုမြန်မာနိုင်ငံတွင် အလုပ်လုပ်ရင်း ရယူနိုင်၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ကို မြန်မာက သဘောတူလက်မှတ်ရေးထိုး၊ မြန်မာ့စဉ့်ထည် လက်မှုပညာလက်ရာများကို တစ်နေရာတည်းတွင် လေ့လာနိုင်မည်၊ ရေမှော်များကို တောင်ကိုရီးယားသို့ တင်ပို့မည်၊ လပွတ္တာမြို့နယ်ရှိ ကျေးရွာ၁၄ရွာ၌ လေအားလျှပ်စစ်ထုတ်လုပ်၊ နာဂစ်ကြောင့် ရေလွှမ်းခဲ့သော်လည်း ထူးဆန်းစွာရေမဝင်သည့် အနိမ့်ပိုင်းရှိစေတီပရိဝုဏ်ကြောင့် လူငယ်တစ်ဦး အသက်ဘေးမှလွတ်ခဲ့ရ၊ HIP-HOP အဆိုတော်အများဆုံး သီဆိုဖျော်ဖြေကြမည့် ကရုဏာသံစဉ်ပွဲတော်ကြီး၊ မြန်မာမေဖလားဝါးနှင့် အာရှနေဘဏ် အပ်နှံငွေများ ပြန်ထုတ်ပေးမည်၊ နာဂစ်ကြောင့် သုံးနှစ်အတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဒေါ်လာ သန်းတစ်ထောင်ခန့်လိုအပ်၊ အားပေးသူများလှုသည့် အဖြူရောင်သံစဉ်ဂီတပွဲတော်၊ ဇင်ဘာဘွေနိုင်ငံ၌ ဘီလျံ ၁၀၀တန်ငွေစက္ကူထုတ်ဝေ၊ ကဒါဖီ၏သားကို ဆွစ်ဇာလန်တွင် ဖမ်းခဲ့ပြီးနောက် လစ်ဗျားနှင့် ဆွစ်ဇာလန်တို့ ဆက်ဆံရေးတင်းမာနေ၊ အိုစမာဘင်လာဒင်၏ဒရိုင်ဘာအား ရုံးတင်စစ်ဆေး၊ ရင်ဘတ်တွင် သံချောင်းကြီး ထုတ်ချင်းပေါက်ဝင်သွားသော်လည်း အသက်မသေစသည့်စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ စီးပွား/ကူးသန်းနှင့် ပို့ဆောင်ရေးတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၂၈

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်းတွင် (ဇ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက အမှတ်(၂)စက်မှုဝန်ကြီးဌာန ဘောလုံးအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်းတွင် (ဇ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်အားပေးကြည့်ရှုကြသည်။

၂၉-၇-၂၀၀၈
(နေပြည်တော်ကွင်း)
(က)အုပ်စုမှ
မွေး/ရေနှင့် စက်မှု(၁)

(ပေါင်းလောင်းကွင်း)
(က)အုပ်စုမှ
ပညာရေးနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား

(၁၀၇)

ဗုဒ္ဓ၏ စီးပွားရေးကျင့်ဝတ် ဟောပြောမည်

ရန်ကုန် ဇူလိုင် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသောဘာသာရပ်ဆိုင်ရာပညာရှင်များ၏ဟောပြောပွဲကို K.M.D Co.,Ltd၏ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၂ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်မိုးမိုးခိုင်က "ဗုဒ္ဓ၏စီးပွားရေးကျင့်ဝတ်" "(Buddha Economic Ethics)"ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)အမှတ်(၃၆)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၈

နောက်ဆုံးရ ပြည်တွင်းသတင်းများနှင့်နိုင်ငံတကာသတင်းများကို မှန်ကန်တိကျစွာဖော်ပြလျက်ရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)အမှတ်(၃၆)ကို ထုတ်ဝေဖြန့်ချိ လိုက်သည်။

ဦးကျော်ဟိန်း ရှာဖွေထားတဲ့ စိတ်အသိပညာအမေးအဖြေ၊ မိမိ၏သားသမီးကို ပြည်ပမှာကျောင်းသွားတက်စေချင်ရင် သတိနှင့်လွှတ် ဆောင်ရန်ရှောင်ရန်သေချာစွာမှာရန်လို၊ အမေရိကန်သို့ ကျောင်းသွားတက်သော အသက် ၂၀အရွယ် မြန်မာကျောင်းသားလေးကို ချေးငှားထားသည့် ဒေါ်လာ ၄၀၀၀ မပေးလို၍ သတ်လိုက်သည့်အမှုပေါ်ပေါက်၊ သူနာပြုမလုံလောက်သော မလေးရှားနိုင်ငံက မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများမှ သူနာပြုများကို ခေါ်ယူရန်စီစဉ်၊ မလေးရှားနိုင်ငံကူးလက်မှတ်အတုဖြင့် စင်ကာပူသို့ဝင်ရောက်ခွင့်ရရန် ကြိုးစားသူအား ဖမ်းဆီးရမိ၊ သီလဝါအဆင့်မြင့်ဆိပ်ခံတံတားရှိ နာဂစ်ကြောင့် ရေထဲပြုတ်ကျသွားသည့် ဝန်ချီစက်ကရိန်းနှစ်ခုအား ချိပ်ပိတ်တင်ဒါဖြင့် ရောင်းချမည်။ ဩဂုတ် ၁ရက်(သောကြာနေ့) နေကြတ်မည့်အချိန်၊ ပြည်ပအဝယ်တော်များကပါ တောင်သူများထံသွား၍ ကြိုပွဲငှ့်စနစ်ဖြင့် ဝယ်ယူခြင်းရှိနေ၊ သုခမြိုင်ရေနံမှော် လူတစ်သိန်းနီးပါးရင်းနှီးမြှုပ်နှံ၊ WCDMAဖုန်းအလုံးနှစ်သောင်းကျော်ချပေးမည်၊ပေကျင်း အိုလံပစ်ပွဲတော် အားကစားပြိုင်ပွဲများMRTV-4တိုက်ရိုက်ထုတ်လွှင့်မည်၊ လျှပ်စစ်မီတာများ နေ့ချင်းပြီးတပ်ဆင်မပေးက တိုင်ကြားနိုင်၊ အမေရိကန်၌ နျူကလီးယားဒုံးပျံ ပစ်ခတ်ရေးလျှို့ဝှက်အမိန့်ဂဏန်းကို ကိုင်ထားသူ ဝန်ထမ်းသုံးဦး အိပ်ပျော်၊ ဟစ်ဇ်ဘိုလာအဖွဲ့အတွက် လက်နက်များ သယ်ဆောင်လာသည့် ယာဉ်တန်းအတိုက်ခံရ၊ သမ္မတဂျော့ဂ်ျဒဗလျူဘုရှ်က ၎င်းရာထူးမှမထွက်မီ အိုစမာဘင်လာဒင်အားဖမ်းဆီးရန်အမိန့်ထုတ်၊ ပါမောက္ခဒေါက်တာဦးခင်မောင်အေး၏ ရုတ်တရက်သွေးပေါင်တက်သွားခြင်း စသည်ဖြင့် ဝေဝေဆာဆာတင်ပြထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

ဆူဒန်တောင်ပိုင်းမှ ကုလငြိမ်းချမ်းရေးတပ်
အရပ်သားများအား အကာအကွယ်မပေးမှု အစီရင်ခံစာ၌ ဖော်ပြ

ကုလသမဂ္ဂ ဇူလိုင် ၂၇

အရပ်သားများ သေဆုံးခဲ့ရသော ဆူဒန်နိုင်ငံ ရေနံကြွယ်ဝသည့် အဘီယိမ်းမြို့တိုက်ပွဲများအတွင်းကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များ၏ ပြုမူပုံများမှသင်ခန်းစာရရှိကြောင်း ဆူဒန်ရှိ ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့၏ ဌာနတွင်း အစီရင်ခံစာတွင် အလေးအနက် ရေးသားထားသည်။

ဆူဒန်နိုင်ငံဆိုင်ရာ အမေရိကန် အထူးသံတမန် ရစ်ချတ်ဝီလျံဆန်က ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များ (ယူအင်န်အမ်အိုင်အက်စ်) သည် တိုက်ပွဲဖြစ်နေစဉ်အတွင်း ၎င်းတို့၏ အခွင့်အာဏာအတွင်းမှ အရပ်သားများကို ကာကွယ်ရမည့်အစား စစ်တန်းလျားအတွင်းမှာ ပုန်းအောင်းနေကြသည်ဟု စွပ်စွဲသည်။

ဆူဒန်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်အက်ရှ်ရမ်ဖ်ကွာဇီကငြိမ်းချမ်းရေးတပ်ဖွဲ့သည်စစ်ရေးအရဝင်ရောက်စွက်ဖက်ရန် စွမ်းအားလည်း မရှိကြောင်း၊ အခွင့်အာဏာလည်း မရှိကြောင်း ပြောကြား၍ ဝီလျံဆန်၏ မှတ်ချက်ကို ပြန်လည်ချေပခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မေလအတွင်း အဘီယိမ်းမြို့တွင် ဖြစ်ပျက်ခဲ့ပုံကိုစုံစမ်းစစ်ဆေးရန်တောင်းဆိုခဲ့ပြီးနောက်ပေါ်ထွက်လာသောယူအင်န်အမ်အိုင်အက်စ်၏အစီရင်ခံစာအသစ်တွင် ငြိမ်းချမ်းရေး တပ်ဖွဲ့များသည် အရပ်သား၁၀၀ခန့်ကိုကုလသမဂ္ဂရုံးဝင်းအတွင်းသို့ခေါ်ယူ၍ ခိုလှုံခွင့်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော်ထိုအချိန်က ထိုသံရုံးဝင်းအတွင်းရှိနေသော ရိုက်တာသတင်းထောက်တစ်ဦးတွေ့မြင်ခဲ့ပုံနှင့်ခြားနားနေသည်။ သတင်းထောက်အဆိုအရ တောင်ပိုင်း ဆူဒန်စစ်သားများသည် သောင်တင်နေသောအရပ်သား ၁၀၀ ခန့်ကို ယူအင်န်အမ်အိုင်အက်စ်ဝင်း၏ ဂိတ်ဝတွင် ထားသည်ဟုဆိုသည်။

ယူအင်န်အမ်အိုင်အက်စ်ကကနဦးတွင်ဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန်ငြင်းဆိုကြသည်။ သို့သော် မြောက်ပိုင်းနှင့်တောင်ပိုင်း ဆူဒန်စစ်သားများ အပြင်းအထန် တိုက်ပွဲဖြစ်ပွားရာ အရပ်သားများသည် အလုံးအရင်းဖြင့်ဝင်းအတွင်းသို့ အတင်းဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်ဟု သတင်းထောက်က ပြောကြားသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးဌာနက ချက်ချင်းသဘောထား ထုတ်ပြန်ခြင်းမပြုပေ။

အမ်အင်အေ၊ရိုက်တာ။

(၂၉)ကြိမ်မြောက် ပေကျင်းအိုလံပစ် အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန် တရုတ်အားကစားကိုယ်စားလှယ်များအတွက်အားကစားဝတ်စုံပုံစံများ ဝတ်ဆင်ပြသနေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုကလာဟိုးမားတွင် ဝန်ချီစက်ပိသဖြင့် လူတစ်ဦးသေဆုံး

အိုကလာဟိုးမား ဇူလိုင် ၂၇

အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့တော်တွင် ခရစ်ယာန် ဘုရားရှိခိုးကျောင်းသစ် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြာသပတေးနေ့ နံနက်ပိုင်းတွင် ဝန်ချီစက်ပြုတ်ကျရာ မော်တော်ယာဉ်တစ်စီးထိခိုက်ပျက်စီးခဲ့ပြီးဆောက်လုပ်ရေးလုပ်ငန်းခွင်အားစောင့်ကြပ်ကြည့်ရှုနေသည့် အသက် ၈၀ အရွယ် အဘိုးအိုတစ်ဦး သေဆုံးခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

ထိခိုက်ပျက်စီးခဲ့ရသည့် မော်တော်ယာဉ်အတွင်း လိုက်ပါလာသူ အသက် ၇၈ နှစ်အရွယ် အဘွားအိုအား ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး ၎င်း၏အခြေအနေမှာကောင်းမွန်ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါမတော်တဆမှုသည် အိုကလာဟိုးမားမြို့အနောက်တောင်ပိုင်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းသစ် တည်ဆောက်ရာ လုပ်ငန်းခွင်အတွင်း၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဘိုလီးဗီးယားက ကိုကင်းရောင်းဝယ်မှုကို ကိုယ်ပိုင်ရန်ပုံငွေဖြင့် တိုက်ဖျက်မည်

လာပက် ဇူလိုင် ၂၇

ကမ္ဘာ့ကိုကင်းထုတ်လုပ်သူ အဆင့်သုံးရှိ ဘိုလီးဗီးယားနိုင်ငံသည် ကိုကင်းမှောင်ခိုရောင်းဝယ်မှုကို တိုက်ဖျက်ရာ၌ နိုင်ငံခြားအကူအညီ လျှော့ချရန် ကြိုးပမ်းနေသကဲ့သို့ လာမည့်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့သို့ ရန်ပုံငွေထည့်ဝင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ယခုအခါ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့မှ အထောက်အပံ့အပေါ် ကြီးမားစွာ မှီခိုနေရသော အဆိုပါအဖွဲ့သို့ ဘိုလီးဗီးယားသည် အမေရိကန်ဒေါ်လာ ၁၆သန်း မြှုပ်နှံမည်ဖြစ်သည်။

ဘိုလီးဗီးယားနိုင်ငံသည် မူးယစ်ဆေးဝါး ရောင်းဝယ်မှုကို ကိုယ်ပိုင်အရင်းအမြစ်၊ ကိုယ်ပိုင်အမြင်တို့ဖြင့် ကိုယ်တိုင် ကြိုးပမ်းဖြေရှင်းမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆိုင်ရာ အကြံပေး အီလ်ဒါစီဂျာစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် မွေးဖွားသည့်ရင်ချင်းဆက် အမြွှာကလေးများကို ဖခင်နှင့်အတူ ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နော်ဝေဒုက္ခသည်စခန်းတွင် တိုက်ခိုက်မှုဖြစ်ပွား ၂၃ ဦး ဒဏ်ရာရ

အော်စလို ဇူလိုင် ၂၇

နော်ဝေနိုင်ငံဒုက္ခသည်များစခန်းတစ်ခုတွင် နေထိုင်သူများကိုစတီးချောင်းများနှင့် ဓားများကိုင်ဆောင်ထားသော လူ ၄၀မှ ၅၀ရှိအဖွဲ့တစ်ဖွဲ့က တိုက်ခိုက်ရာ ၂၃ဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။ အပြင်းအထန်ဒဏ်ရာရရှိသူတစ်စုံတစ်ဦးမျှမရှိကြောင်း၊ ၁၁ဦး ကိုဆေးရုံသို့ပို့ထားကြောင်း၊ ၁၃ဦးကိုဒေသဆေးခန်းတစ်ခုတွင်ကုသနေကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ အော်စလိုမြို့တောင်ဘက် အုဖိုးလ်ရှိ ဒုက္ခသည်စခန်းမှ တာဝန်ရှိသူတစ်ဦးက တိုက်ခိုက်သူများသည် ချေချင်းလူမျိုးများဖြစ်ပြီး ဒဏ်ရာရရှိသူများသည် ကဒ်လူမျိုးများဖြစ်သည်ဟု ပြောကြားသည်။ ဒုက္ခသည် စခန်းမှတာဝန်ရှိသူတစ်ဦးက စခန်းတွင်ချေချင်းနှင့်ကဒ်တို့ သာမန် အငြင်းပွားမှုတစ်ခုမှ စ၍ တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း နော်ဝေ သတင်းဌာန "အန်တီဘီ" သို့ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့၌ ကျင်းပမည့် ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲသို့ သတင်းရယူရန် ရောက်ရှိနေသည့် သတင်းသမားအချို့အား မီဒီယာ မော်တော်ယာဉ်ပေါ်တွင် ဇူလိုင် ၂၇ရက်က တွေ့ရစဉ်။ *(အဆိုပါ မော်တော်ယာဉ်သည် ပြိုင်ပွဲကျင်းပမည့်နေရာ၊ အိုလံပစ် အားကစားရွာ၊ တည်းခိုနေထိုင်သည့် ဟိုတယ်၊ ဗဟိုသတင်းဌာန၊ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းနှင့်ပြိုင်ပွဲလက်ခံ ကျင်းပမည့် မြို့များသို့ သယ်ယူ ပို့ဆောင်ပေးမည် ဖြစ်သည်။)* **(ဓာတ်ပုံ-ဆင်ဟွာ)**

ကွန်ဂိုနိုင်ငံတွင် သင်္ဘောတစ်စင်းနစ်မြုပ် အနည်းဆုံး ၄၅ ဦး သေဆုံး

ကင်ရှာဆာ ဇူလိုင် ၂၇

ကွန်ဂိုနိုင်ငံ မြစ်တစ်ခုအတွင်း ခရီးသည်တင်သင်္ဘောတစ်စင်း နစ်မြုပ်သွားခဲ့ရာ သင်္ဘောပေါ်၌ လိုက်ပါသူ အနည်းဆုံး ၄၅ ဦး သေဆုံးပြီး အခြားလူ ၁၀၀ မှာ ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အရာရှိတစ်ဦးက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

သင်္ဘောသည် ဇူလိုင် ၂၂ ရက် ညက ယူဘန်ဂျီ မြစ်အတွင်း၌ ကျောက်ဆောင်တစ်ခုနှင့် တိုက်မိပြီးနောက် နစ်မြုပ်သွားခြင်း ဖြစ်သည်ဟု မက်သီရူဘီလာက ပြောကြားသည်။ ၎င်းသည် အာဖရိကနိုင်ငံ အလယ်ပိုင်း နယ်နိမိတ်အနီး ကွန်ဂိုမြောက်ဘက်ရှိ ယူဘန်ဂျီဒေသ မြောက်ဘက်မှ ခရိုင်အရာရှိဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံအလယ်ပိုင်းရှိ မစ္စစပီမြစ်အတွင်း လောင်စာတင်သင်္ဘောနှစ်စင်းတိုက်မိရာမှ ရေနံယိုဖိတ်မှုဖြစ်ပွားပြီးနောက် ရှင်းလင်းနေသည်ကို ဇူလိုင် ၂၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

လေဘေးသင့်ဒေသများ၌ ဆေးရုံသင်္ဘောများဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၈

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများကို ဆေးရုံသင်္ဘောများအဖြစ် အသုံးပြုကာ အထူးကုဆရာဝန်ကြီးများ၊ ကွင်းဆင်းကုသရေးအဖွဲ့များလိုက်ပါလျက် ကျေးလက်ဒေသအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသနေပြည်သူများအား ဆေးရုံသင်္ဘောများဖြင့်အထူးကုဆရာဝန်ကြီးများ၊ ကွင်းဆင်းကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

ဆေးရုံသင်္ဘောလေးစင်းအသုံးပြု၍ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်းမြို့နယ်များ၌ အခြေစိုက်၍ကုသပေးလျက်ရှိပြီးဆေးရုံသင်္ဘောများ၌ ဆေးကုသရေးတာဝန်ထမ်းဆောင်ခဲ့ကြသော အဖွဲ့ဝင်များ အလှည့်ကျလဲလှယ်တာဝန်ထမ်းဆောင်ခဲ့ကြသည်မှာ ၁၂ ကြိမ်ရှိပြီဖြစ်သည်။

ယနေ့ဇူလိုင်၂၈ရက်တွင်ဒေါက်တာဝင်းဝင်းလှိုင်ခေါင်းဆောင်သော အဖွဲ့သည် ဘိုကလေးမြို့နယ်၌ တိမ်နီဆေးရုံသင်္ဘောဖြင့် လည်းကောင်း၊ ဒေါက်တာဇော်မိုးရှိန် ခေါင်းဆောင်သောအဖွဲ့သည်လပွတ္တာမြို့နယ်၌ဝရဇိန်ဆေးရုံသင်္ဘောဖြင့် လည်းကောင်း၊ ဒေါက်တာဟိန်းရာဇာအောင် ခေါင်းဆောင်သောအဖွဲ့သည် ဖျာပုံမြို့နယ်၌ ဆင်ကံဆေးရုံသင်္ဘောဖြင့်လည်းကောင်း၊ဒေါက်တာမြထွေးငယ် ခေါင်းဆောင်သော အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်၌ တိမ်ခိုးဆေးရုံသင်္ဘောဖြင့်လည်းကောင်း ကျေးရွာများအရောက် သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိကြသည်။

ဆေးရုံသင်္ဘောများဖြင့် ယနေ့ကုသပေးသည့် လူနာပေါင်းမှာ ၆၀၇ဦးရှိပြီး ဆေးရုံများသို့ လူနာလေးဦး လွှဲပြောင်းပေးခဲ့သည်။ဆေးရုံသင်္ဘောများစတင်အသုံးပြု၍လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာတွင် မေ ၂၀ ရက်မှ ယနေ့အထိကုသပေးခဲ့သည့် လူနာစုစုပေါင်းမှာ ၆၆၅၉ ဦးရှိပြီး ဆေးရုံများ၌ လိုအပ်သောကုသမှုခံယူစေရန် လွှဲပြောင်းပေးခဲ့သည့်လူနာ ၁၀၁ ဦး ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပေးပို့သော ပစ္စည်းများ မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ပြည်သူများထံ ထောက်ပံ့

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများရှိ ပြည်သူများအားထောက်ပံ့ပေးအပ်ရန်အတွက် လူသုံးကုန်နှင့် အိမ်သုံးကုန် ပစ္စည်းမျိုးစုံကို မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဇူလိုင် ၂၅ ရက်တွင် ကျားဟုန်းကျေးရွာအုပ်စုအတွင်းရှိ ကျားဟုန်း၊ ပဒဲကော၊ သဲဖြူ၊ တဲ့တဲ့ကူးနှင့် ရွှေဘိုကျေးရွာများရှိ အိမ်ထောင်စု ၅၀၉ စုအတွက် အိမ်ထောင်စုအလိုက် ခြင်ထောင်၊ စောင်၊ဒန်အိုး၊ ဒန်ခွက်၊ ရေသန့်ဘူး၊ ရေသန့်ဆေးပြား၊ လက်သမားသုံးပစ္စည်းများ အပါအဝင် လူသုံး၊ အိမ်သုံးပစ္စည်း ၁၂ မျိုးကို မိသားစုလက်ဝယ်အရောက် ထောက်ပံ့ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် ဆက်လက်ရောက်ရှိလာမည့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှန်ကြေး The Mirror

"ပြည်သူတို့ကိုယ်တိုင် ဆန္ဒပေး ရွေးချယ်ထောက်ခံအတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်သူတို့ ရွေးချယ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလမ်း ဖြစ်သည်။"

ကေတုနီလာ၏ **"ပြည်သူတို့လျှောက်သောလမ်း ပန်းတိုင်ရောက်ရမည်"**

(ဆောင်းပါး) စာမျက်နှာ - ၆၊ ၇